# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဆိုင်ရာအချက်အလက်များ

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ

၁။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် (International Committee of the Red Cross, ICRC)သည် ပုဂ္ဂလိကလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အခြေစိုက်သည်။ ICRC အဖွဲ့သည် ဂျီနီဗာညီလာခံ ကိုအခြေခံ၍ နိုင်ငံတကာဆိုင်ရာဥပဒေကဲ့သို့ပင် လူသားတို့၏ကျန်းမာရေးအား ကာကွယ်မှုပေး ရန်ဖွဲ့စည်းထားသည်။ အထူးသဖြင့် ပြည်တွင်းစစ်ဒဏ်၊ ပြည်ပစစ်ဒဏ်များ၊ စစ်ပွဲများကြောင့် ဒုက္ခရောက်ရသောစစ်ဘေးဒုက္ခသည်များအား အကူအညီပေးရန် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်။ ထိုစစ်ဒဏ်ခံစားရသူများတွင် စစ်သုံ့ပန်းများ၊ ဒုက္ခသည်များ၊ အရပ်သားများနှင့်အခြား ကာကွယ်မဲ့လူများ ဖြစ်ကြသည်။ သို့သော် ICRC သည် မည်သည့်အစိုးရ၊ မည်သည့်အစိုးရ၏ အဖွဲ့အစည်း သို့မဟုတ် မည်သည့်နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းကမျှ ထိန်းချုပ်ထားခြင်းမရှိ သည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ICRC သည် ၁၉၁၇ ခုနှစ်၊ ၁၉၄၄ ခုနှစ်နှင့် ၁၉၆၃ ခုနှစ်တို့တွင် ချီးမြှင့်ခဲ့သောငြိမ်းချမ်းရေးနိုဘယ်ဆုသုံးခု ပေးအပ်ခြင်းခံရသည်။ ICRC အဖွဲ့ကို စတင်အုတ်မြစ်ချတည်ထောင်ခဲ့သော ဟင်နရီဒူးနန့်အား ဂုဏ်ပြုသောအားဖြင့် ၎င်း၏ မွေးနေ့ မေလ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီနေ့ သတ်မှတ်ခဲ့ကြသည်။

## နောက်ခံသမိုင်း

၂။ ၁၉ ရာစု အစောပိုင်းကာလတွင် တိုက်ပွဲများ၌ ဒဏ်ရာရရှိသော စစ်သားများ၊ စစ်အတွင်း မတော်တဆဒဏ်ရာရရှိမှုများအား စောင့်ရှောက်ရန်အတွက် သူနာပြုဟုသတ်မှတ်ထားသည့် အဖွဲ့အစည်းနှင့် နည်းလမ်းများမရှိခဲ့ပါ။ ၁၈၅၉ ခုနှစ်၊ ဇွန်လတွင် ဆွစ်လူမျိုးစီးပွားရေး လုပ်ငန်းရှင်ဟင်နရီဒူးနန့်သည် ပြင်သစ်စစ်ဘုရင်နပိုလီယံနှင့်တွေ့ဆုံ၍ ပြင်သစ်တို့သိမ်းပိုက် ထားသော အယ်လ်ဂျီးယားနိုင်ငံတွင် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများကို ဆွေးနွေးရန် အီတလီသို့ ခရီးထွက်ခဲ့သည်။ ဇွန်လ ၂၄ ရက်နေ့ ညနေခင်းတွင် ဆော့ဖာရီနိုမြို့လေးသို့ ရောက်ရှိရာ Franco-Austrian စစ်ပွဲကို ကိုယ်တိုင်မျက်မြင်ကြုံတွေ့ခဲ့သည်။ ယင်းနေ့တစ်ရက်

တည်းမှာပင် နှစ်ဖက်စလုံးမှ စစ်သား ၄၀,၀၀၀ ခန့်မှာ ကယ်မည့်သူမရှိဘဲ ဒဏ်ရာရသူများနှင့် သေဆုံးသူများ ရှိခဲ့သည်။





ဟင်နရီဒူးနန့်                                        ဆော့ဖာရီနိုစစ်ပွဲ

၃။ ဟင်နရီဒူးနန့်သည် ယင်းအနိဋ္ဌာရုံမြင်ကွင်းအားမြင်ပြီးနောက်တွင် မူလခရီးစဉ်အား စွန့်လွှတ်ပြီး ဒဏ်ရာရရှိနေသူများကို နှစ်ဖက်မခွဲခြားဘဲ ပြုစုကုသပေးခဲ့သည်။ ထို့ပြင် အနီးနား ရှိကျေးရွာလူထုကို အကူအညီတောင်းပြီးနောက် ကယ်ဆယ်ရေးစခန်းဖွင့်၍ ဒဏ်ရာရသူများကို ကူညီစောင့်ရှောက်ပေးရင်း ရက်အတော်ကြာနေထိုင်ခဲ့သည်။ ထို့ပြင် သူသည် ကြုံတွေ့ခဲ့ရသော ထိုစစ်ပွဲအကြောင်းစာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ပြီး ယင်းစာအုပ်အား ဆော့ဖာရီနိုအကြောင်း မှတ်မိသမျှ(A Memory Of Solferino)ဟူ၍ အမည်ပေးထားခဲ့သည်။ ထိုစာအုပ်အား ရေးသားပြီးစီးပြီးနောက် ၁၈၆၂ ခုနှစ်တွင် ၎င်း၏ကိုယ်ပိုင်ငွေဖြင့် ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုစာအုပ်ကို ဥရောပတိုက်တစ်ခုလုံးရှိ နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာခေါင်းဆောင်များထံ ပို့ပေးခဲ့ လေသည်။ ဤစာအုပ်သည် ဒူးနန့်မြင်တွေ့ခဲ့ရသည်များကိုသာ ဖော်ပြထားသည်မဟုတ်ဘဲ တိုက်ပွဲများတွင် ဒဏ်ရာရရှိထားသောစစ်သားများအား အကူအညီ၊ စောင့်ရှောက်မှုများပြုလုပ် ရန်အတွက် အဖွဲ့အစည်းများဖွဲ့စည်းရန်၊ တည်ထောင်ရန်အတွက် အကြံပြုရေးသားထားသည်။ ဟင်နရီဒူးနန့်သည် စစ်မြေပြင်တွင်ဒဏ်ရာရရှိသူများ ကာကွယ်ကုသပေးရေး၊ ဆေးရုံများ တည်ဆောက်ရေးနှင့် ဘက်မလိုက်ရေးကိုအာမခံပေးနိုင်မည့် နိုင်ငံတကာဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုရန်ဆော်သြခဲ့သည်။ လူထုအကျိုးပြုဂျီနီဗာလူထုအဖွဲ့အစည်းက ဟင်နရီဒူးနန့်၏

အကြံအစည်ကိုစဉ်းစားပြီး နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းရန် ကော်မတီတစ်ခုကို ပြုလုပ်ပေးခဲ့သည်။ ၅ ဦးကော်မတီကို ဖေဖော်ဝါရီလ ၉ ရက်၊ ၁၈၆၃ ခုနှစ်တွင် အောက်ပါ ပုဂ္ဂိုလ်များဖြင့် တည်ထောင်ခဲ့သည်။

(က) Henry Dunant- ဆွစ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်

(ခ) Gustave Moynier- ၎င်းသည် လူထုအကျိုးပြု ဂျီနီဗာလူထုအဖွဲ့အစည်း၏ ခေါင်းဆောင်ဖြစ်ပြီး ဥပဒေပညာရှင်တစ်ဦး ဖြစ်သည်။

(ဂ) Lousis Appia- ၎င်းသည် ဆရာဝန်တစ်ဦးဖြစ်သည့်အပြင် စစ်ဘက်ဆိုင်ရာတွင် တာဝန်ထမ်းဆောင်နေသောသူတစ်ဦး ဖြစ်သည်။

(ဃ) Theodore Maunoir- ၎င်းသည် ဂျီနီဗာရောဂါကာကွယ်ရေးနှင့်တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးဌာနကော်မရှင်မှ ဖြစ်သည်။

(င) Guillaume-Henri Dufour- ၎င်းသည် ဆွစ်ဇာလန်တပ်မတော်၏ စစ်ဗိုလ်ချုပ် တစ်ဦး ဖြစ်သည်။

၄။ ထို့နောက် ယင်း ၅ ဦးအဖွဲ့အစည်းအား နိုင်ငံတကာထိခိုက်ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်ရေးအဖွဲ့(International Committee for Relief to the Wounded) ဟူ၍ အမည်ပြောင်းလဲခဲ့ကြသည်။ ၁၈၆၃ ခုနှစ်၊ အောက်တိုဘာလတွင် ဂျီနီဗာ၌ စစ်မြေပြင်သို့ ဆေးဝါးသယ်ယူပို့ဆောင်ရေးအတွက် တာဝန်ထမ်းဆောင်မှုများပြုလုပ်ရန် နိုင်ငံတကာညှိနှိုင်း ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲကို ၃၆ ဦးတက်ရောက်ခဲ့ပြီး ၁၈ ဦးမှာ အစိုးရ များ၏ကိုယ်စားလှယ်များ၊ ၆ ယောက်မှာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ ၇ ယောက်မှာ အရာရှိအရာခံမဟုတ်သည့် နိုင်ငံခြားသားကိုယ်စားလှယ်များနှင့် ကော်မတီ အဖွဲ့ဝင် ၅ ဦးတို့ဖြစ်သည်။ အစိုးရကိုယ်စားလှယ်များစေလွှတ်ခဲ့သည့်နိုင်ငံများမှာ Baden၊ Bavaria၊ France၊ Britain၊ Hanover၊ Hesse၊ Italy၊ Netherlands၊ Austria၊ Prussia၊ Russia၊ Saxony၊ Sweden နှင့် Spain တို့ဖြစ်သည်။

## ဆွေးနွေးပွဲ၏ဆုံးဖြတ်ချက်များ

၅။ ယင်းဆွေးနွေးပွဲ၏ နောက်ဆုံးဆုံးဖြတ်ချက်များတွင် ရေးသွင်းခဲ့သည့် အဆိုပြုချက်များမှာ-

(က) ဒဏ်ရာရစစ်သည်များအတွက် အမျိုးသားကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ ထူထောင်ရေး၊

(ခ) ဘက်မလိုက်ရေးနှင့် ဒဏ်ရာရစစ်သည်များအား ကာကွယ်စောင့်ရှောက်ရေး၊

(ဂ) စစ်မြေပြင်တွင် ကူညီကယ်ဆယ်ရာ၌ လုပ်အားပေးများအသုံးချရေး၊

(ဃ) နိုင်ငံတကာစာချုပ်ပါသဘောထားများကို အကောင်အထည်ဖော်ရန်နှင့်ထပ်ဆင့် ဆွေးနွေးပွဲများကို ခေါ်ယူရေး၊

(င) စစ်မြေပြင်ရှိ ဆေးဝန်ထမ်းများအားကာကွယ်ပေးနိုင်ရန် သင်္ကေတအမှတ်အသား တစ်ခုဖော်ထုတ်အသုံးပြုရေးတို့ ဖြစ်ကြသည်။ ထို့နောက် အဖြူရောင်နောက်ခံတွင် အနီရောင်ကြက်ခြေခတ်ပါသင်္ကေတအား အသုံးပြုရန်အတွက် ရွေးချယ်ခဲ့ကြသည်။

၆။ ၁၈၆၄ ခုနှစ်တွင် ဆွစ်ဇာလန်အစိုးရသည် ဥရောပတိုက်ရှိနိုင်ငံအားလုံးမှ အစိုးရအရာရှိများအပါအဝင် မက္ကဆီကို၊ ဘရာဇီးနှင့် အမေရိကန်ပြည်ထောင်စုစသည့် နိုင်ငံများကိုလည်း ဖိတ်ခေါ်ခဲ့ပြီး တရားဝင်သံခင်းတမံခင်းဆွေးနွေးပွဲများကို တက်ရောက်စေခဲ့သည်။

၇။ ၁၉၄၉ ခုနှစ် ဂျီနီဗာစာချုပ်(၄)ခုနှင့် ယင်းစာချုပ်၏ ၁၉၇၇ ခု နောက်ဆက်တွဲစာချုပ် တိုးချဲ့ပုဒ်မ ၃ ရပ်၊ ၂၀၀၅ ခုနှစ် ထပ်ဆင့်တိုးချဲ့စာချုပ်တို့ကို လက်မှတ်ရေးထိုးသဘောတူညီထားသောနိုင်ငံများက ယင်းစာချုပ်ပါသတ်မှတ်ချက်အရ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကို နိုင်ငံအချင်းချင်းဖြစ်ပွားသည့် စစ်မက်တွင်လည်းကောင်း၊ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲဖြစ်ပွားသည့် စစ်မက်တွင်လည်းကောင်း၊ စစ်ဘေးခံရသည့် ဒုက္ခသည်များအား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကို အကာအကွယ်ပေး၊ ခွင့်ပြုပါမည်ဟု သဘောတူထားပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ဆောင်ပုဒ်မှာ Inter Arma Caritas ("Amidst War, Charity") ("စစ်အတွင်း၌ပင်လျှင် ပရဟိတဆောင်ရွက်ကြစို့") ဟူ၍ဖြစ်ပါသည်။ တရားဝင်ဘာသာစကား(၄)ခုဖြစ်သော အာရာဗီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်ဖြင့် လုပ်ငန်းဆောင်ရွက်ပြီး စစ်မက်

တိုက်ခိုက်သည့် အဖွဲ့အစည်းအားလုံးကြားတွင် မည်သည့်အဖွဲ့အစည်းဘက်သို့ ဘက်မလိုက်ဘဲ ကြားနေဝါဒကျင့်သုံးရမည်ဟု ခံယူပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အစည်း၏ လုပ်ငန်းမှာ -

(က) အပြန်အလှန်တိုက်ခိုက်နေသည့် အဖွဲ့အစည်း(၂)ခုတို့မှာ ဂျီနီဗာနှင့်အညီ တိုက်ခိုက်နေခြင်း ဟုတ်-မဟုတ် စောင့်ကြပ်စစ်ဆေးရန်၊

(ခ) စစ်မြေပြင်ဒဏ်ရာရသူများအတွက် ကုသဂရုစိုက်ပေးရန်၊

(ဂ) စစ်သုံ့ပန်းများအား ဆက်ဆံမှုကိုစီမံကွပ်ကဲပြီး စစ်သုံ့ပန်းဖမ်းဆီးထားသော အဖွဲ့အစည်းတို့ကို သိုသိပ်စွာဆက်သွယ်ပြီး ဆွေးနွေးရန်၊

(ဃ) စစ်တိုက်ခိုက်ရာ၌ ပျောက်ဆုံးသွားသူများအားရှာဖွေရန်၊

(င) အရပ်သားပြည်သူများ ကာကွယ်စောင့်ရှောက်ရန်၊

(စ) စစ်မက်ဖြစ်ပွားသော အဖွဲ့အစည်း(၂)ရပ်အကြားတွင် ဘက်မလိုက်ဆက်သွယ်ရေး အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန်ဖြစ်ပါသည်။

၈။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ဘတ်ဂျက်မှာ လျှုဒါန်းငွေမှ ၁၀၀ ရာခိုင်နှုန်း ရရှိပြီး ဘတ်ဂျက် (၈၀-၈၅) ရာခိုင်နှုန်းမှာ ဆွစ်ဇာလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်နှင့်နယူးဇီလန်တို့မှ ရရှိပါသည်။ ဝန်ထမ်း (၂၀၀၀)ခန့်ရှိပြီး ဝန်ထမ်း(၈၀၀)ခန့်မှာ ဂျီနီဗာ ဌာနချုပ်တွင် အလုပ်လုပ်သည်။ ဝန်ထမ်း (၁၂၀၀)မှာ ကွင်းဆင်းဝန်ထမ်းများဖြစ်ပါသည်။ ထို့အပြင် အချိန်ပိုင်းဝန်ထမ်း (၁၃၀၀၀)ခန့်ရှိပါသည်။ ယခင်တွင် ဦးစီးဝန်ထမ်းအားလုံးတို့မှာ ဆွစ်လူမျိုး၊ ဂျီနီဗာမြို့သားများဖြစ်ခဲ့ကြပြီး ယခုအခါတွင် ဂျီနီဗာမြို့သားမဟုတ်သူများကို ဦးစီးဝန်ထမ်းအဖြစ် စတင်ခန့်လာပြီဖြစ်သော်လည်း ဦးစီးဝန်ထမ်းတိုင်းမှာ ဆွစ်နိုင်ငံသားဖြစ်ပါသည်။

၉။ ယခုခေတ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ဝန်ထမ်းများစွာတို့မှာ လက်နက်ကိုင် အဖွဲ့အစည်းတို့၏ပစ်မှတ်အဖြစ်ခံခဲ့ရသည်ကို တွေ့ရှိရပါသည်။ ၁၉၉၀ နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီဝန်ထမ်းတို့မှာ သိသာထင်ရှားသော ကြက်ခြေနီတံဆိပ်များတပ် ထားပါလျက် သတ်ဖြတ်ခံရမှုများ တစ်နှစ်ပြီးတစ်နှစ် ပိုမိုများလာခဲ့ပါသည်။

## မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ

၁၀။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေရုံးကို ၁၉၈၆ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် အရှေ့မြောက်ဘက်လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်းဆိုင်ရာအကူအညီများကို ထိရောက်စွာကူညီပေးနိုင်ခဲ့သည်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သန့်ရှင်းသောရေရရှိရေး၊ လူမှုဘဝပြန်လည်ရရှိရေးတို့ကို အလေးထားဆောင်ရွက်ခဲ့သည်။ ICRC သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ လူမှုရေးဆိုင်ရာအကူအညီပေးရေးအစီအစဉ်များကိုဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ICRC ရုံးစိုက်ရာနေရာများ



၁၁။ မြန်မာနိုင်ငံအစိုးရသည် ၂၀၁၃ ခုနှစ်တွင် ICRC အနေဖြင့် အကျဉ်းထောင်များကို သွားရောက်လည်ပတ်ခွင့် ပေးအပ်ခဲ့သည်။ ထိုသို့အကျဉ်းထောင်များသို့ သွားရောက်လေ့လာခွင့်မှတစ်ဆင့် ICRC သည် အကျဉ်းကျနေသူ ၃၀,၀၀၀ကျော်၏ နေထိုင်မှုကျန်းမာသန့်ရှင်းရေး အစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လေ့လာမှုများအတွင်း အကျဉ်းသားများနှင့် တွေ့ဆုံဆွေးနွေးခြင်းအပြင် အကျဉ်းသားရေးရာတွေ့ရှိချက်၊ အကြံပြုချက်များကို သက်ဆိုင်ရာ အရာရှိများနှင့်ဆွေးနွေးခဲ့သည်။

၁၂။ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် အကြမ်းဖက်မှုများနှင့်လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင် အဓိကထားဆောင်ရွက်လျက်ရှိသည်။ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တွင်ရှိသော ဆေးရုံ၊ ဆေးပေးခန်း ၁၄ ခုတွင် ရေကောင်းရေသန့်ရရှိရေး၊ ရေဆိုးနုတ်မြောင်းများ ကောင်းမွန်ရေး၊ စွန့်ပစ်ပစ္စည်းများကောင်းမွန်စွာစွန့်ပစ်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မြန်မာ့ဆေးဝန်ထမ်းများအတွက် ရှေးဦးသူနာပြုစုနည်းနှင့် ဒဏ်ရာအနာတရခွဲစိတ်နည်းသင်တန်းများ အပြင် သားဖွားဆရာမများနှင့်အခြားဆေးဝန်ထမ်းများအတွက် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

၁၃။ လူမှုဘဝပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်မှစ၍ ငွေကြေးနှင့်နည်းပညာဆိုင်ရာအကူအညီများပေးအပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဖားအံမြို့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးတွင် လူ ၆,၀၀၀ နီးပါးခန့် ခြေတုလက်တုများကို ပေးအပ်လှူဒါန်းခဲ့သည်။ ICRC သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို လူအခွင့်အရေးနှင့်နိုင်ငံတကာ ရဲလုပ်ငန်းဆိုင်ရာစာတမ်းဖတ်ပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

၁၄။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် လူသားအကျိုးပြုလုပ်ငန်းများကို သက်စွန့်ဆံဖျားကိုယ်ကျိုးစွန့်ဆောင်ရွက်သူများကို ဟင်နရီဒူးနန့်ဆုချီးမြှင့်လျက်ရှိပါသည်။ ထိုဟင်နရီဒူးနန့်ဆုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးစိုင်းအောင်လှိုင်မြင့်သည် ၁၉၇၇ ခုနှစ်တွင် ဆွတ်ခူးရရှိခဲ့သည်။

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံ၌ဒေသနေဆိုင်ရာကိုယ်စားလှယ်

## Mr. Jurg Montani ၏ကိုယ်ရေးအကျဉ်း



**Mr. Jurg Montani** သည် ၂၀၁၃ ခုနှစ် ဩဂုတ်လမှစ၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၆ မှ ၂၀၁၃ အထိ ICRC ကိုယ်စားလှယ်အဖြစ် သီရိလင်္ကာ၊ ရဝမ်ဒါ၊ ဘော့စ်နီးယား- ဟာဇီဂိုဗီနာ၊ အာဖရိကပြည်သူ့သမ္မတနိုင်ငံ၊ ချက်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယဦးဆောင်ကိုယ်စားလှယ်အဖြစ် ဆိုမာလီယား၊ ဆူဒန်၊ ဇင်ဘာဘွေတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးဆောင်ကိုယ်စားလှယ်အဖြစ် ဆိုမာလီယား၊ လက်ဘနွန်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။